ဒုတိယအိမ် နိုင်ငံတကာစာပေဆက်ဆံရေးအင်အားစု
P.O Box 201 Rochester, NY 14580------Ph: 585-957-6452----Fax: 585-671-4707

ဒီည––ပန်းရနံ့တွေရနေတယ် ချစ်သူ ရဲ့
မင်းပါးပြင်ပေါ်က သနပ်ခါးမြစ်လေးတစင်းရယ်၊
အခန်းထောင့်ဆီ ကျွံ့ဝင်လာနေတဲ့လိပ်ပြာတွေရယ်–––
အော်––ကိုယ့်မှာ အသက်ရှူလိုက်တိုင်း သွေးစက်တွေတစက်ချင်းကျလို့
ခဏလောက်ဖြစ်ဖြစ် ကိုယ့်ဘဝလေးကိုသိမ်းထားပေးစမ်းပါ—
သေနတ်သံတွေက မင်းဆယ်ယူနေတဲ့ လရိပ်တွေကို ဖြေသိမ့်ခွင့်မပေးခဲ့သလို
ကိုယ်နမ်းခဲ့ဘူးတဲ့
မင်းရင်ညွှန့်ပေါ်ကအိပ်မက်တွေကိုအစားထိုးပေးနိုင်စွမ်းမရှိခဲ့ဘူး။
ကြားနေကျအသံတွေ—အမှောင်တွေထဲခါရိုက်နေတယ်။
“ငြိမ်းငြူတယ်ဆိုတာ ဒဏ်ရာတွေကိုဈေးပေါအောင်လုပ်ခြင်းတမျိုးပါကွယ်
သွေးနံ့တွေကိုပဲ ရှူးရှူးမိုက်မိုက်ဆက်ပြီးရှူသွင်း၊
အမှောင်တွေဆီ အတင်းတိုးဝှေ့–ဘဝကိုလောင်းကြေးထပ်ကြည့်ကြရအောင်ပါ”
ဒီည––
ပုပ္ပါးဆောင်ဘေးက တောလမ်းလေးလိုဖြစ်နေတဲ့နေရာလေးကနေ
သမိုင်းဆောင်တခုလုံးဆီ
ဒဏ်ရာနဲ့အံကြိတ်ထားနေတဲ့အသံတွေပဲ့တင်ထပ်အော်ဟစ်နေတယ်။
မျှော်လင့်မထားခဲ့မိပါဘူး၊
ချစ်သူဆီခဏပေးထားခဲ့တဲ့ဘဝတွေ
အနှစ်နှစ်ဆယ်လောက် ရှည်ကြာ–နာနာကျင်ကျင် –
ကျန်ရစ်နေခဲ့မိမယ်ဆိုတာ–––––––––––
––––––––––––––––––––––––––––––––––––––––––––––––––––––

မိတ်ဆက်

“အနုပညာ နဲ့ အလှတရား  ဆိုတာ အာဏာရှင်တွေအတွက်တော့ တိုင်းပြည်ရဲ့ အမျိုးသားရန်သူလိုဖြစ်နေတယ်၊ အနုပညာ ဆိုတာ လူ့အဖွဲ့အစည်းရဲ့လှုပမှုတွေ၊ အမှန်တရားတွေအားလုံးကိုဖေါက်ခွဲလင်းလက်ပြလိုက်တာမို့လား”

ကျနော်တို့––ရေတမာပင်တန်း၊ မိုးဦးခရေစိန်ပန်းရနံ့ နဲ့ကံ့ကော်အိပ်မက်ရှည်တွေဝေးခဲ့တာကြာပြီ။
ဒါပေမဲ့ ပုံရိပ်တွေကမနေ့တနေ့ကလိုပဲ၊ ချစ်သူတွေ၊ ဆိုဒီယံမီးရောင်အောက်က ညနက်နက်တွေထဲ သမိုင်းဆောင်တွေဆီကနေ ပြည်လမ်းမကြီးပေါ်လမ်းလျှောက်လို့––ခြောက်မိုင်ခွဲ၊ အင်းလျားမာလာဆောင်နဲ့ စံရိပ်ငြိမ်ဘက်ဆီကအဆောင်တွေဆီမှာ သီချင်းသံတွေထဲ မှေးစက်ခဲ့ဘူးကြတဲ့ ပုံရိပ်တွေ။ နောက်တော့––နုပျိုတဲ့လူငယ်ဘဝတွေဖြတ်ကနဲပျောက်သွားတယ်။
ရှင်ကွဲကွဲစေခဲ့တဲ့ ခါးခါးသီးသီးမုန်တိုင်းတွေ၊ မိသားစုတွေအားလုံးဖရိုဖရဲ–––––
နယ်မြေသစ်တွေဆီထွက်လာခဲ့မိတယ်။ ထင်တာတွေလည်းလွဲခဲ့ရတယ်။

ဝံပုလွေတွေ က လေပြေတွေလိုဟန်ဆောင်ပြီးကောင်းကင်ကို ပျံသန်းဖို့ကြိုးစားနေတာကိုမြင်တဲ့အခါကျတော့
တစိမ်းတွေနဲ့ ကြိုးညှိဖို့သိတ်ခက်တယ်ဆိုတာ ပိုသိလာခဲ့ရတယ်။ ကိုယ့်ဂီတနဲ့ကိုယ်တိတ်တိတ်လေး၊ အဓိပ္ပါယ်ရှိရှိနေနေခဲ့တာနှစ်တွေကြာခဲ့ပေါ့။
ချစ်သူဘယ်နှစ်ယောက်ရှိခဲ့သလဲ၊ ရန်သူဘယ်နှစ်ယောက် တိုးခဲ့သလဲ၊ ကိုယ်စိတ်မဝင်စားခဲ့မိဘူး။

ဒီည—ကျန်ခဲ့တဲ့ အနှစ်(၂၀) ကချစ်သူတွေကိုသတိရကြည့်ချင်တယ်။
ပြီးရင်––ကျနော်—ဗိုလ်နေဝင်း အုတ်ဂူကိုတူးပြီးမေးခွန်းတခုလောက်မေးကြည့်ချင်တယ်။
"ကျနော် ခင်ဗျား ကို ဘာလို့လက်စားချေခွင့်မရလိုက်တာလည်း" လို့

ကိုဘုန်းမော်၊ ကိုစိုးနိုင် နဲ့ ကျောင်းသားတချို့ကိုသတ်ဖြတ်၊ တက္ကသိုလ်နယ်မြေကိုနယ်မြေသိမ်းတိုက်ပွဲတခုလိုသိမ်းယူစော်ကားခဲ့၊
ပြည်သူ ကိုအညှိုးတကြီးချေမှုန်းဖို့ကြိုးစားခဲ့ပေမဲ့ မတ်လ(၁၃) ရက်နေ့ဟာ စစ်ဝါဒီ ဗိုလ်နေဝင်း နဲ့ စစ်အုပ်စုအဖွဲ့ဝင်တွေ ကို
ပြက်ရယ်ပြုအာခံခဲ့ကြတယ်။ ခုတော့ အနှစ်နှစ်ဆယ်ပြည့်ခဲ့ပြီ။
၁၉၈၈ ကနေ ၂၀၀၈ ခုနှစ်ထိ မတ်လ (၁၃) ရက်လှုပ်ရှားမှုကို အလေးအမြတ်ပြုတိုက်ပွဲဝင်ခဲ့တဲ့လှုပ်ရှားမှုကြီး (၃) ခု–ရှိခဲ့တယ်။
၁၉၈၉၊ ၁၉၉၀ နဲ့ ၁၉၉၆ ရန်ကုန်၊မန္တလေး ကလူထုလှုပ်ရှားမှုတွေဖြစ်တယ်။

(၁) ၁၉၈၉ ရန်ကုန်စက်မှုတက္ကသိုလ်ဝင်းထဲမှာ ဆရာဦးခင်မောင်မြင့်၊ဒေါ်အောင်ဆန်းစုကြည်၊ နဲ့ ကျောင်းသားသမဂ္ဂခေါင်းဆောင်တွေ၊
အထင်ကရနိုင်ငံရေးသမားတွေစုပေါင်းဟောပြောပြီးစစ်ဝါဒီတွေကိုပြတ်ပြတ်သားသားရှုံ့ချခဲ့ကြတယ်။
လူ့အခွင့်အရေးနေ့အဖြစ်သတ်မှတ်ခဲ့ကြတယ်။ အထက်ဗမာပြည် မန္တလေးတက္ကသိုလ်ထဲကအင်းဝဆောင်မှာတော့ –
မတ်(၁၃) ရက်အရေးအခင်းတုံးက ပါဝင်ခဲ့တဲ့နယ်ကကျောင်းသားခေါင်းဆောင်တွေ၊ ဗကသကျောင်းသားခေါင်းဆောင်တွေ၊
အစဉ်အလာရှိတဲ့နိုင်ငံရေးသမားတွေ၊ မျိုးချစ်ပုဂ္ဂိုလ်တွေစုပေါင်းပြီး နှစ်ပတ်လည်အောက်မေ့ဂုဏ်ပြုပွဲ ကို ရဲရဲရင့်ရင့်ကျင်းပခဲ့ကြပြီး
စစ်အုပ်စုကိုသတိပေးစိန်ခေါ်ခဲ့ကြတယ်။
(၂) ၁၉၉၀မှာ ဗကသ (အထက်ဗမာပြည်) နဲ့ ကျောင်းသားအဖွဲ့အစည်းတွေ က ဦးဆောင်ပြီး မန္တလေးမြို့ထဲကိုလှည့်လည်
ဆန္ဒပြကြတော့ စစ်တပ်ကနေဝိုင်းဆို့ပိတ်ဖမ်းဖို့လုပ်တယ်။ ကျောင်းသားတွေ–ချီတက်ရာလမ်းတလျှောက် အဓိကရုဏ်းနှိမ်နင်းရေးကားတွေ၊
အချုပ်ကားတွေက နောက်ကလိုက်၊ လူစုခွဲဖို့ အသံချဲ့စက်တွေနဲ့ အော်ဟစ်၊ တမြို့လုံးရုတ်ရုတ်သဲသဲဖြစ်၊ ၁၉၈၉–၉၀ ဆိုတာ
အရေးတော်ပုံအပြီးမြေပေါ်လှုပ်ရှားမှုအပြင်းထန်ဆုံးကာလ၊ဘုရားကြီးနားက ဒက္ခိဏာရာမကျောင်းတိုက်ထဲမှာ ကျောင်းသားတွေပိတ်မိနေတုံး၊
မန္တလေးမြို့လူထုက စစ်တပ်ကို နောက်ကနေဝိုင်းပိတ်ဆို့ပြီး ဖိအားပေးရှုံ့ချခဲ့ကြတယ်။
စစ်တပ်ကလည်းမတ္တီလာလေတပ်ကိုအကူအညီတောင်း၊လူထုနောက်ကနေ အင်အားသုံးပြီးထပ်မံပိတ်ဆို့လိုက်ပေမဲ့
မန္တလေးလူထုကနောက်ဆုတ်မသွားဘူး၊ ည (၉) လောက်ကျတော့ တိုင်းမှူးထွန်းကြည် နဲ့ ဒုတိုင်းမှူးဗိုလ်မှူးကြီးမောင်ပေါ်က
ကျောင်းသားခေါင်းဆောင်တွေနဲ့ တွေ့ချင်ကြောင်းစစ်ထောက်လှမ်းရေးမြင့်ဦးကကမ်းလှမ်းခဲ့တယ်။
ကျောင်းသားခေါင်းဆောင် (၅) ယောက် ကကျောင်းသားစုကိုယ်စားသွားတွေ့တယ်။ သူတို့ကစစ်တပ်တွေကိုရုတ်သိမ်းပေးမယ်လို့ဂတိပေးသလို၊
ကျနော်တို့ကျောင်းသားတွေကလည်း ည(၁၀)ကျော်လောက်မှာ အိမ်ပြန်ခဲ့ကြတယ်။ မန္တလေးမြို့ကလူထုကတော့
စစ်တပ်လိုက်လျှောလိုက်ရတာကို ပြည်သူတွေရဲ့ အင်အားကိုကြောက်သွားတယ်လို့ ယုံကြည်ခဲ့၊ ပျော်ရွှင်ခဲ့ကြတယ်။
(၃) ၁၉၉၆ ဒီဇင်ဘာကျောင်းသားလှုပ်ရှားမှု မတိုင်ခင်တုံးက တက္ကသိုလ်ကျောင်းတွေအားလုံးမှာ
ကျောင်းသားလှုပ်ရှားမှုကိုပြန်စဖို့အားလုံးအသင့်ဖြစ်နေခဲ့တယ်။ ရန်ကုန်တက္ကသိုလ်နဲ့ ရန်ကုန်စက်မှုတက္ကသိုလ်ထဲက
ကဗျာစာပေလှုပ်ရှားမှုဟာအရေးကြီးတယ်လို့ပြောရလိမ့်မယ်။ လူငယ်ကဗျာဆရာတွေ တရားမဝင်ထုတ်ဝေတဲ့ စာအုပ်လေးတွေကတဆင့်
"အမေမျှော်တဲ့ မိုး၊ တမိုးတည်းအောက်မှာ၊ ရာစုသစ်မြစ်ကျဉ်း" စတဲ့ ဖန်တီးမှုတွေနဲ့ကျောင်းသားထုအချင်းချင်းကြားအချက်ပေးနေပြီ၊ ၁၉၉၆
မတ်လ (၁၂) ရက်နေ့ကစပြီး အစိုးရထုတ်သတင်းစာတွေကို စားသောက်ဆိုင်တန်းတွေမှာ တချိန်တည်းဆုတ်ဖြဲပစ်တဲ့လှုပ်ရှားမှုတွေ၊
( ကြို့ကုန်းဆောင်၊ သမိုင်းဝင်း၊ သိပ္ပံကင်န်တင်း၊ ကွန်ပြူတာတက္ကသိုလ် ဖြစ်ရပ်တွေကိုလူသိများကြတယ်)၊ ပုဂံလမ်း၊ သထုံလမ်းနဲ့
မိန်းကလေးဆောင်တွေဆီမှာ နှင်းဆီပန်းတွေကို ပေးဝေကြပြီး၊ ဓါတ်ပုံပျက် လေးတွေပေါ် သံဆူးကြိုးချွန်နဲ့ဖောက်ရေးထားတဲ့ "
ကိုဘုန်းမော်အတွက်ဆုတောင်းပေးကြပါ၊ မတ်လ(၁၃) ရက်" ကတ္တူစာရွက်လေးတွေကိုလည်းဝေခဲ့ကြတယ်။ ကျောင်းသားတွေမနက် (၅း၀၀)
နာရီလောက်ကတည်းက လှည်းတန်းဈေးဆီမှာ နှင်းဆီပန်းတွေဘာလို့ဝယ်နေကြတယ်ဆိုတာ အာဏာပိုင်တွေသဘောမပေါက်ခဲ့ဘူး၊ မနက်
(၁၀း၀၀) နာရီလောက်ကျ၊ ကျောင်းထဲကို အနက်ရောင်အကျႌတွေဝတ်လာ၊ နှင်းဆီပန်းတွေကိုင်လာတာကိုမြင်လိုက်တော့မှဆရာအားလုံး

ထိတ်ထိတ်ပြာပြာဖြစ်ကုန်တယ်။ ရန်ကုန်စက်မှုတက္ကသိုလ်ပါမောက္ခချုပ် ဦးကြင်စိုး နဲ့ ရန်ကုန်တက္ကသိုလ်ထဲက ပဲခူးအဆောင်မှူး (နာမည်မေ့နေတယ်)တို့ဟာ ကျောင်းသားတွေကို နှိပ်ကွပ်၊ ထောက်လှမ်းရေးတွေဆီ ကျောင်းသားစာရင်းကိုပို့ပေးတဲ့နေရာမှာ နာမည်ကြီးတယ်။ သူတို့က–ကျောင်းထိပ်ကနေ ကျောင်းသူ၊ကျောင်းသားတွေကိုဖမ်းပြီး၊ အင်္ကျီအနက်ရောင်ကိုလဲခိုင်း၊ လက်မှတ်ထိုးခိုင်းဖို့ကြိုးစားပေမဲ့ ကျောင်းသားတွေကနားမထောင်ဘူး။ ကျောင်းအာဏာပိုင်တွေရဲ့ခြိမ်းခြောက်မှုထက် ကိုဘုန်းမော်တို့ရဲ့သွေးစက်ခြေရာတွေကို ကျောင်းသူကျောင်းသားတွေကသစ္စာပိုစောင့်သိခဲ့ကြတယ်။ ခုတော့-----

ဒီည––ပန်းရနံ့တွေရနေတယ် ချစ်သူ ရဲ့
မင်းပါးပြင်ပေါ်က သနပ်ခါးမြစ်လေးတစင်းရယ်၊
အခန်းထောင့်ဆီ ကျွံ့ဝင်လာနေတဲ့လိပ်ပြာတွေရယ်–––
အော်––ကိုယ့်မှာ အသက်ရှူလိုက်တိုင်း သွေးစက်တွေတစက်ချင်းကျလို့––––––––––

---

မနှစ်ကဖန်တီးထားတဲ့သမိုင်းပုံရိပ်တခုပါ။ မတ်လအရေးတော်ပုံမှာပါဝင်ခဲ့ကြတဲ့လူတွေဖုံးတွေနဲ့ဆက်ရင်ဖွင့်ကြ—
အမှတ်တရဒဏ်ရာတွေကိုရေးကြရအောင်လို့ပြောကြတဲ့အတွက်အားလုံးကိုယ်စားကျနော်စကားလုံးတွေစီကြည့်မိတယ်။
အသံတွေထပ်ဖြည့်ပေးထားတယ်။ ချစ်သူတွေ ရဲ့ သတင်းတွေ ပြန်ကြားချင်တယ်။
မဖတ်ဖြစ်ရသေးသူတွေအတွက်ကျနော်တို့ရဲ့အသံတွေကိုပြန်လွှင့်တင်ပေးလိုက်ပါတယ်။

---

## အနက်မှောင်ဆုံး– ပင်လယ်

“ကျနော်တို့(၁၅)ယောက်ကို အင်းစိန်ထောင်ရဲ့သီးသန့်ဆောင် မှာဖမ်းထားတာ၊တပေါင်းလဆိုတော့ပူကလည်းပူ၊ လကလည်းသာနေတော့ ကျနော့ရဲ့အကျဉ်းခန်းကနေလှမ်းကြည့်လိုက်ရင်၊မြင်ကွင်းတွေအားလုံးကိုရှင်းရှင်းလင်းလင်းမြင်နေရတယ်။
ကားကြီးတွေပေါ်ကလူတွေဝေါကနဲအန်ကျလာတယ်။ တချို့က လှုပ်နိုင်သေးတယ်။
လမ်းလျှောက်နိုင်တဲ့လူတွေကိုရိုက်ပြီးအချုပ်ထဲထည့်လိုက်တယ်၊
မသေမရှင်ဖြစ်နေတဲ့သူတွေ၊မလှုပ်နိုင်တော့တဲ့သူတွေကိုကားတစီးပေါ်အပုံလိုက်ပစ်တင်လိုက်တယ်။
နောက်မှသိလိုက်ရတာ၊ သူတို့ကိုကြံတောမှာ မီးရှို့သင်္ဂြိုလ်ပစ်လိုက်တယ်လို့။
ဘဝတလျှောက်လုံး အဲ့ဒီ မြင်ကွင်းကြီးက စွဲနေတာဗျာ။
လာသာတဲ့အခါတိုင်း ဘယ်သူတွေလာပြီး အလောင်းတွေကောက်မလဲဆိုတာပေါ့။”

မတ်လရဲ့ အပူပြင်းပြင်းအောက်မှာ လရောင်ကျနေတဲ့ သစ်ရွက်ကြွေတွေရွှေ့နေတာကို ကျောတစိမ့်စိမ့်ရင်တမမ နဲ့လွင့်နေမတတ်ခံစားရတယ် ဆိုတဲ့ ကိုကျော်နိုင်မင်း (ခ) ကိုနီ ရေ၊ကျနော် ဒီနေ့မှန်တိုင်းရဲ့ ဗဟိုချက်မအောက်မှာရောက်နေတဲ့ လူတွေရဲ့အာရုံစနက်တံတွေကို၊ တချောင်းချင်းဖြုတ်ကြည့်လိုက်တယ်။ ပင်လယ်ကို ဒဏ်ရာနဲ့ပျိုးယူထားခဲ့ရတဲ့အနက်မှောင်ဆုံးကမ်းခြေမှာ၊

ဖိနပ်တဖက်၊သွေးစွန်းနေတဲ့အင်္ကျီတထည်၊
မှုံပျပျ မီးရောင်အောက်က၊
ရဲဘော်ဖုံးမော် ရဲ့ ဈာပန
ကျနော်တို့မေ့လို့မရသေးပါဘူး။

ခြေရာ (၁)

မတ်လ (၁၂) ညနေခင်း

"ဖြစ်တာက ဇော်ဝင်းထွဋ်ရဲ့သီချင်းခွေကိုဖွင့်ခိုင်းရင်းနဲ့စခဲ့ကြတာဗျ"

စန္ဒာဝင်းလက်ဘက်ရည်ဆိုင်ကကောင်မလေးကကျနော်တို့ **RIT** ကျောင်းသားတွေကိုမျက်နှာသာပေးတာကို ကောင်စီဥက္ကဋ္ဌသား ကိုလတ်ဆိုတဲ့ဆိုတဲ့ကောင်ကကျေနပ်ပုံမရဘူး။ကျော်ဆန်းဝင်းလည်းထသွားရောခွေးခြေခုံနဲ့စရိုက်ပြီးကျနော်တို့ကိုရန်ရှာခဲ့တယ်။ ကျနော်တို့စခန်းသာအဆောင်ကိုပြန်ကြတယ်။လူပြန်စုပြီးကောင်စီဥက္ကဋ္ဌသားအုပ်စုကိုပြန်ရှာကြတယ်။ ရပ်ကွက်ကောင်စီကအရေးယူပေးပါ့မယ်ဆိုပြီးကျနော်တို့ကိုချွေးသိပ်လွှတ်လိုက်တယ်။ ဒါပေမဲ့နောက်တရက်လက်ဘက်ရည်ဆိုင်ကိုပြန်သွားတော့ ဒီကောင်ကမခိုးမခန့်နဲ့ပြုံးပြီးထွက်သွားတာကို တွေ့လိုက်တယ်။ကျနော်တို့ဒေါသထွက်သွားတာအမှန်ပဲ၊ ရပ်ကွက်ကောင်စီရုံးကိုသွားဝိုင်းကြတယ်။ ကျနော်တို့ကျောင်းသားတွေနဲ့ ရပ်ကွက်ကောင်စီလူကြီးတွေစကားအချေအတင်ပြောနေတုံး– ရပ်ကွက်ကောင်စီရုံးကမီးထလောင်တယ်။

"ကျောင်းသားတွေရပ်ကွက်ကိုမီးနဲ့ရှို့နေတယ်ဆိုပြီး မဆလ ကောင်တွေကရပ်ကွက်နဲ့ကျနော်တို့ကိုရန်တိုက်ပေးတယ်။သံလမ်းဘေးရပ်ကွက်ကလမ်းတွေကမှောင်ပြီးကျဉ်းတယ်ဗျ၊ ပြီးတော့ကလေကချေ(ရထားပေါ်မှာခါးပိုက်နှိုက်စားတဲ့ကောင်တွေ)ကတပုံကြီး၊ကျနော်တို့သိလိုက်ရတဲ့အချိန်မှာသူတို့လက်ထဲမှာဂုက်ကြီးရောင် ဓားတွေတဝင်းဝင်းနဲ့ ဝင်းမြင့်(ပုလဲ)ကိုစလွယ်သိုင်းခုတ်ချလိုက်တယ်။ဝင်းမြင့်(နွားထိုးကြီး)ရဲ့မျက်နှာ၊ခေါင်းတွေမှာခဲတွေထိပြီး သွေးတွေကပုခုံးပေါ်ကျနေတယ်။တတ်နိုင်သလောက်တော့ကျနော်တို့လည်းပြန်ချကြတာပဲ၊ ကျနော်တို့ကျောင်းဘက်ကိုပြန်ဆုတ်ခဲ့ကြတယ်"။

တရုတ်စကားပန်းတချို့အနေးကြွေနေတဲ့ရန်ကုန်စက်မှုတက္ကသိုလ်(ပင်မ)အဆောက်အဦး ဘယ်ဘက်ထောင့်မှာ
ကောင်မလေးတယောက်သက်ပြင်းနဲ့လှနေတဲ့ညနေရီရီတွေမရှိ
"အပြုံးတွေကိုချွေချွေတာတာသုံးစမ်းပါ၊ကျနော့်အသက်ပါသွားမှာစိုးလို့ပါဗျာ"
လို့ရွှတ်နောက်နောက်ပြောလေ့ရှိတဲ့ကောင်လေးတွေလည်းမရှိ၊
အသံတွေ–––အသံတွေကျနော့လွယ်အိတ်ကိုင်းကြိုးပြတ်သွားတယ်။
လေဟာနယ်ထဲမှာမီးထလောင်နေတဲ့စွယ်တော်ရွက်တွေကိုကျနော်ကြိုးစားပြီးကောက်ယူကြည့်မိတယ်။
အိပ်သူမဲ့ကုတင်တွေ၊လိပ်ပြာသေတွေ၊ အဆောင်ကော်ရစ်တာမှာကျုံ့ဝင်လာတဲ့သွေးညှီနံ့တွေ–––––––

ခြေရာ(၂)
မတ်လ (၁၃) ရက် ညဦးယံ

ပထမတော့ မြန္မာသီချင်းတွေဆိုပြီးရေပိုက်နဲ့လူစုခွဲဖို့ကြိုးစားနေတဲ့ခဝဲခြံကလာတဲ့မီးသတ်ကားတွေရှေ့မှာကျောင်းသားတွေကကနေကြတာ၊ တချို့ကကျောင်းဝင်းထဲကိုပြန်သွားကြပြီ၊ဆရာတွေကဗီပီအိုင်အဝိုင်းဘက်ဆီရောက်နေတဲ့ကျောင်းသားတွေကိုပြန်ခေါ်ဖို့လုပ်တယ်။ကျောင်းသားတွေကို အစိုးရိမ်ဆုံးဆရာတွေကဆရာဦးသိန်းထွန်းအောင်၊ဆရာဦးသာလှိုင် နဲ့အဆောင်ကလက်ထောက်နည်းပြတွေလေ၊ သူတို့ကကျောင်းသားတွေကိုသူငယ်ချင်းတွေလိုပေါင်းခဲ့တာမို့လားသိတ်မကြာဘူးထင်တယ်၊သေနတ်သံတွေကြားရတယ်။ ကျောင်းသားတွေကျောင်းဝင်းဆီထွက်ပြေးဖို့ကြိုးစားကြတယ်။ကျနော်အုတ်တံတိုင်းကိုခုန်ကျော်လိုက်တယ်၊ လုံထိန်းတွေကကျောင်းဝင်းထဲအထိလိုက်ပစ်ကြတယ်။အချို့ကျောင်းသားတွေအုတ်တံတိုင်းပေါ်ကနေအော်ဟစ်ပြီးမြေပေါ်ပစ်ကျသွားတယ်။
ကိုဘုန်းမော်ကကျောင်းရှေ့ရေပန်းနားမှာလဲကျသွားတယ်။ရှုန်းရင်းဆန်ခတ်ဖြစ်သွားပြီး ယမ်းနံ့နဲ့နဲစဲသွားတော့ ကျနော်တို့ဒဏ်ရာရနေတဲ့ကျောင်းသားတွေ၊ဖြစ်တဲ့ကိုစိုးနိုင်၊ကိုမြင့်ဝေ အပါအဝင်သေအံ့ဆဲဆဲဖြစ်နေတဲ့သူတွေကို ဆေးရုံပို့ဖို့ပြင်ဆင်ကြတယ်။ဆရာဦးသိန်းထွန်းအောင်လက်ထဲကကိုဘုန်းမော်ကိုစစ်လုံထိန်းတချို့ကစောင့်ဆွဲယူဖို့လုပ်တော့
"ဟေ့ကောင်တွေ ငါကျောင်းဆရာ"ကွလို့ပြောတဲ့အခါ––––
ဘာကျောင်းဆရာလ ဒီး ပဲထင်တယ်၊ မင်းလားကွကျောင်းဆရာ၊သွားစမ်းကွာ ဆိုပြီးရင်ဝကိုစောင့်ကန်ပစ်လိုက်တယ်။
ကျောင်းသားတချို့နဲ့စစ်လုံထိန်းတွေရဲ့ထိပ်တိုက်တွေ့မှုတွေကိုပိုပြီးအရှိန်မြင်းလာခဲ့တယ်။ကျောင်းအပြင်ဘက်ကစစ်တပ်ရဲ့အရိပ်အယောင်ကိုတော့တွေ့နေရဆဲပဲ၊ ကျောင်းရှေ့က စိုက်ပျိုးရေးဝင်းထဲမှာသူတို့နေရာယူထားကြတယ်။
ကျနော်တို့ပင်မအဆောက်အဦးပေါ်မှာလူပြန်စုကြတယ်။

ကျောင်းသားတချို့ကျန်ခဲ့တဲ့ဘိနပ်တချို့ရယ်၊သေနတ်ကျည်ဆံတချို့ရယ်၊သွေးစွန်းနေတဲ့အင်္ကျီလေးတထည်ကိုကျနော်တို့ယူလာခဲ့ကြတယ်။တချို့ကကျောင်းဒေါင့်ကဘိလပ်မြေတွေနဲ့အုတ်ကျိုးတွေကိုသွားယူပြီး၊တချို့က မြို့ပြအင်ဂျင်နီယာဌာနအသင်းရုံးခန်းကိုဖွင့်ပြီးသံလျက်တွေ၊တူတွေယူလာခဲ့ကြပြီး၊ကြယ်ပုံစံအမှတ်အသားဂူလေးလိုလုပ်ပြီးဩဘာလမ်းရှေ့နားလေးမှာစုထိုင်လိုက်ကြတယ်။ခုနကယူလာတဲ့ကျည်ဆံခွံတွေနဲ့အင်္ကျီလေးတွေကို ကြယ်ပုံစံအမှတ်အသားဂူလေးထဲထည့်လိုက်တယ်။ကျောင်းသားတယောက်ကစွယ်တော်ရွက်ခြောက်တွေကိုစီးကရက်မီးနဲ့တို့ပြီး အဲ့ဒီအပေါ်ကိုချလိုက်တယ်။

ကျောင်းရှေ့မှာအဲ့ဒီညကပန်းတွေပွင့်နေတာရက်ရက်စက်စက်ပဲ၊

ကျနော်တို့ အဲ့ဒီကပန်းတွေကိုခူးပြီး ပန်းခွေပုံဆန်လုပ်လိုက်တယ်၊

ကျောင်းသားတယောက်က လက်ဝဲစလုံး နဲ့ကိုဘုန်းမော်ရဲ့နာမည်ကိုရေးပြီး ကပ်လိုက်တယ်။

တချို့ကျောင်းသားတွေကမျက်ရည်ကျပြီးတောက်ခေါက်သံတွေကြားနေရတယ်။တချို့ကနံရံကိုခေါင်းနဲ့စောင့်ပြီးဟစ်ကြွေးကြတယ်။အမှောင်တွေကကျနော်တို့ဆီအုပ်စုဖွဲ့လာနေသလို၊ကျနော်တို့ကလည်းမျက်ကန်းသစ္စွေမကြောက်သလိုဖြစ်နေတယ်။အရာရာကိုပစ်ခွဲလိုက်ချင်တဲ့စိတ်ကလွှမ်းမိုးနေတယ်။

မျိုးသွေး၊ကျော်ကျော်ထွန်း၊သက်ထွန်း၊ထွန်းမြင့်ထွေး၊မျိုးမြင့်၊ရဲဝင်း၊ခွန်ထူး––––

အများကြီးပဲစခန်းသာဆောင်မှာအတူနေခဲ့တဲ့သူတွေ၊တနေရာထဲမှာစုဆုံထိုင်လိုက်ကြပြီးတယောက်မျက်နှာတယောက်ကြည့်နေကြတယ်။စစ်မြေပြင်လိုဖြစ်သွားတဲ့တက္ကသိုလ်ပရဝဏ်အတွင်းမှာသူတို့ကိုပြန်တုံ့ပြန်ဖို့က ကျနော်တို့နှလုံးသားကယိုစီးနေတဲ့အမုန်တရားပဲ၊

ကျနော်တို့အလျော့ပေးလို့မဖြစ်ဘူး။တခုခုပေါ့လေ၊ကျနော်တို့လုပ်ရတော့မယ်။

## ခြေရာ(၃)
### မတ်လ (၁၄) ရက် နေ့ခင်း

ဦးခင်အောင်ကြည်ဆိုတဲ့ရန်ကုန်စက်မှုတက္ကသိုလ်ပါမောက္ခချုပ်အကြောင်းတွေးလိုက်တိုင်းစိတ်နာတာအမှန်ပဲ၊သူကလွှတ်တော်အမှတ်ဖြစ်ဖို့မှန်းထားတယ်နဲ့တူပါတယ်။

"ဆရာဘယ်လိုလုပ်မလဲ၊ကျောင်းသားတွေတော့သေကုန်ပြီ"

လို့ကျနော်တို့ကပြောတော့၊မင်းတို့နမိတ်မရှိနမာမရှိတာတွေမပြောစမ်းပါနဲ့ကွာ၊ဘာမှမဖြစ်ဘူး၊ဒဏ်ရာနည်းနည်းလေးရသွားတာလို့ကျနော်တို့ကိုချွေးသိပ်ရင်း ပျောက်သွားတယ်၊ မော်ကွန်းထိန်းဦးဘိုအေး က တော့ ကျောင်းဝင်းတွင်းမှာ ဆက်ရှိနေသေးတယ်။နေ့လည်သတင်းမှာကအရပ်သားနဲ့ကျောင်းသားရိုက်လို့၊ကျောင်းသားတယောက်သေခဲ့တယ်လို့လိမ်ခဲ့တယ်၊ကျနော်တို့ကြို့ကုန်းဆောင်အစည်းအဝေး က ဆုံးဖြတ်ထားတဲ့

ဖြစ်ရပ်မှန်သတင်းထုတ်ပြန်ပေးရေး၊ ပစ်ခပ်မှုကို အရေးယူဖြေရှင်းပေးရေး၊ ကိုဘုန်းမော်စျာပနကို ကျောင်းသားတွေကိုယ်တိုင်စီမံပြီးချခွင့်ပေးရေး၊ကျောင်းမပိတ်ရေး၊အပါအဝင်တောင်းဆိုချက်(၆)ချက်လောက်တောင်းခဲ့ကြတယ်၊

မော်ကွန်းထိန်းရုံးခန်းကို သိမ်းပစ်လိုက်ပြီး စာရွက်တွေ ရိုက်ထုတ်လိုက်ကြတယ်။

ကိုကျော်နိုင်မင်း နဲ့ ကျောင်းသားတယောက်က ဦးခင်အောင်ကြည် ကို ဘုန်းမော်သေဆုံးခဲ့တာ၊ စစ်လုံထိန်းတွေကြောင့် ဖြစ်တယ်ဆိုတာလက်မှက်ထိုးခိုင်းတယ်။ဦးခင်အောင်ကြည်က"မင်းတို့ငါ့ကိုအကျပ်မကိုင်ကြပါနဲ့ကွာ၊ငါ့မှာနှလုံးရောဂါရှိတယ်နော်––ဆိုပြီးရှောင်ထွက်သွားတယ်။ဦးဘိုအေးဆီကိုတော့ကျနော်တို့လက်မှတ်ထိုးခိုင်းခဲ့ကြတယ်။သူ့လက်မှတ်တွေပါတဲ့ တောင်းဆိုချက်တွေကိုဝေဖို့ကျနော်တို့သမိုင်းဆောင်နဲ့လှိုင်တက္ကသိုလ်ဘက်ကိုထွက်ခဲ့ကြတယ်။အရှေ့ကြို့ကုန်းဆောင်ဘက်ဆီက ကျော်လွှားပြီးထွက်ခဲ့ရတာလေ၊(၉)မိုင်တရုတ်သချိုင်းကို ဖြတ်၊ တချို့က ရှစ်မိုင် လမ်းဆုံဘက်က နေထွက်လာခဲ့ကြတာ။

## ခြေရာ (၄)
### စဉ့်ကူဆောင်၊သမိုင်းဝင်း

မှတ်မှတ်ရရ၊ကျနော်တို့စဉ့်ကူဆောင်အောက်ကလူလျှောက်လမ်းလေးပေါ်မှာဘာမှမခင်းပဲအိပ်နေကြတာ၊ည(၈)နာရီသတင်းကိုစောင့်နေတာပေါ့၊

အဆောင်မှူးဦးသာဒင်က “မင်းတို့ခံစားနေရတာကိုဆရာနားလည်ပါတယ်ကွာ”လို့ပြောရင်းအဆောင်တံခါးဝထိပ်မှာထိုင်နေတယ်။
နိုင်ငံရေးလှုပ်ရှားမှု့အတွေ့အသက်တွေသူရနေတယ်တဲ့။သူက နိုင်ငံရေးသိပ္ပါသင်တဲ့ဆရာဆိုတော့ဘာတွေဖြစ်တော့မယ်ဆိုတာသိနေတယ်။
အခန်းထဲမှာဘယ်သူမှမနေကြတော့ဘူး၊ကိုယ့်ဆိုင်ရာဆိုင်ရာအုပ်စုတွေဖွဲ့ပြီးအဆောင်အပြင်ဖက်ကိုထွက်လာကြတယ်။
ည(၈)နာရီသတင်းလည်းလာရာ၊အခန်းနံပါတ်(၂၁၅)ပေါ်ကနေသတင်းကိုအကျယ်ကြီး--ဖွင့်ပေးလိုက်တယ်။အဲ့ဒီနေ့ကသတင်းကြေငြာသူက
ဦးမောင်မောင်။မဆလအစိုးရဟာသူတို့ကျူးလွန်ခဲ့တဲ့အမှားကိုမတောင်းပန်ပဲ၊ကိုဘုန်းမော်ဟာရပ်ကွက်ကလူတွေကခေါးနဲ့ ထိုးလို့သေဆုံးခဲ့ရတယ်
လို့သတင်းထဲမှာဖေါ်ပြခဲ့ကြတယ်။ကျောင်းသားအာလုံးဒေါသထွက်သွားကြတယ်။တချို့က ဆောင်ပြတင်းတခါးတွေကိုရိုက်ခွဲပစ်လိုက်ပြီး

“ဘာကိုစောင့်နေကြတာလဲ၊ဒါဟာငါတို့ကိုပြောင်ပြောင်တင်းတင်းစိန်ခေါ်လိုက်တာကွ” လို့
တုန်တုန်ရီရီနဲ့ပြောလိုက်တယ်။အဆောင်မှူးဦးသာဒင်က
“ကဲသားတို့ရာ၊မင်းတို့ဒေါသတွေကိုကြိုက်သလိုအဆောင်ထဲမှာဖွင့်ထုတ်ကြကွာ၊အပြင်ကိုတော့မထွက်ကြပါနဲ့၊
ဆရာ့အတွက်ပြောတာမဟုတ်ပါဘူး၊ မင်းတို့အတွက်ပါကွာ၊ ဒလဘက်မှာလည်း ကုလားဖြူမာအဓိကရုန်းတွေက
စဖြစ်နေတော့ အားလုံး ရှုပ်ကုန်လိမ့်မယ်။”

သူကနိုင်ငံရေးသိပ္ပံသင်တဲ့သူဆိုတော့ဘာတွေဖြစ်တော့မယ်ဆိုတာသိနေတယ်၊အလွန်ဆုံးတနာရီလောက်ပဲကြာမယ်။ကြို့ကုန်းဆောင်က
ကျောင်းသားတွေရောက်လာကြတယ်။ တယောက် က ခုံတလုံး ကို ယူပြီး ညော့ခမ်းဆောင်မှာ၊ဖြစ်ရပ်မှန်တွေကို ရှင်းပြတယ်။သူတို့ကိုဘုန်းမော်ဈာပန
ကိုလာရောက်ပို့ဆောင်ကြဖို့လှုံ့ဆော်လိုက်တယ်။နောက်တနေ့၊နေ့လည်(၁၂ )နာရီထမင်းစားပြီးတဲ့နောက်
ကျနော်တို့စဥ့်ကူဆောင်ကနေတန်းစီပြီးထွက်ခဲ့ကြတယ်၊ကျနော်တို့နဲ့အတူကျောင်းသားအုပ်စုကလိုက်လာပြီးဇီဝက၊အင်းလေး၊ပုပါးဆောင်က
ကျောင်းသားတွေကိုလိုက်ခေါ် ကြတယ်။ဆရာဦးသာဒင်ကတွေတွေကြီးထိုင်ပြီးကျောင်းသားတွေသူ့ကိုကန်တော့ပြီးအဆောင်အပြင်ဘက်၊
ထွက်သွားတာကိုငေးပြီးကြည့်နေတယ်။ရန်ကုန်စက်မှု့တက္ကသိုလ်ဝင်းဆီမှာလူသွားစုပြီးကိုဘုန်းမော်ဈာပနကိုလိုက်ပို့ဖို့ပေါ့။
ရန်ကုန်တက္ကသိုလ်ထဲကကျောင်းသားတွေလည်းရောက်လာတယ်။လူ(၇၀ )ကျော်ရှိမယ်ထင်တယ်ဗျ။
နေကလည်းမတ်လဆိုတော့အရမ်းပူတယ်ဗျာ၊လူကဒေါသနဲ့တုန်နေတယ်။တကယ်တော့စစ်တပ်ကသမိုင်းလမ်းဆုံကနေစပြီးခဝဲခြံအထိ
သံဆူးကြိုးတွေနဲ့ကာထားတာဗျ။စစ်ထောက်လှမ်းရေးတွေကမရမ်းကုန်းအထက်တန်းကျောင်းထဲမှာ၊ခဝဲခြံမှတ်တိုင်တွေမှာအပြည့်ပဲ၊
စကားပြောစက်တွေနဲ့သတင်းပို့နေကြတယ်။ကျနော်တို့ကိုသမိုင်းလမ်းဆုံကသံဆူးကြိုးတွေကိုဖွင့်ပေးလိုက်ပြီးခဝဲခြံရှေ့ရောက်တော့ဆက်သွားလို့မရတော့
ဘူး။နောက်ကိုလည်းပြန်ဆုတ်လို့လည်းမရတော့ဘူး၊အချုပ်ကားပြာတွေ၊စစ်ကားတွေကသမိုင်းလမ်းဆုံကတည်းကပိတ်ပြီးလိုက်လာတာ။
ကျနော်တို့ရှေ့မှာလည်းစစ်ခရာသံတွေနဲ့ရှေ့ဆင့်နောက်ဆင့်အဓိကရုဏ်းနှိမ်နင်းရေးတပ်တွေကသေနတ်ပစ်မဲ့သူတတန်း
၊ဒိုင်းကိုင်နံပါတ်တုတ်ကတတန်း၊စုစုပေါင်းလေးတန်း ဲ့ငါးတန်းလောက်အဆင့်ဆင့်ပိတ်တန်းလိုက်တယ်။

ကျောင်းဝင်းထဲကကြို့ကုန်းဆောင်ကျောင်းသားတွေရဲ့ဟစ်အော်သံတွေ၊သံတိုင်ကိုခေါက်နေတဲ့အသံတွေဆူညံနေတယ်။
ကျနော်တို့နဲ့အာဏာပိုင်တွေရန်ကုန်စက်မှု့တက္ကသိုလ်ရဲ့ပထမဆုံးအပေါက်ရှေ့မှာတွေ့ကြတယ်။ကျနော်တို့ဘက်ကခေါင်းဆောင်ကမှတ်မှတ်ရရ၊
စိုးပိုင် (မြစ်ကြီးနား)၊နေမျိုးအောင်(ဂျင်ဘရောင်း)မွန္တလေးနှစ်ယောက်တက်သွားကြတယ်။သူတို့ဘက်ကအာဏာရှိခေါင်းဆောင်ကအဆောင်ကို
ပြန်သွားဖို့၊သူတို့ကိုထိပ်တိုက်တွေ့ရင်ပစ်မိန့်ပေးထားကြောင်းရှင်းပြတယ်။နေပြင်းပြင်းအောက်မှာကျနော်တို့အားလုံးလမ်းမပေါ်မှာထိုင်လိုက်ကြတယ်။
ကျနော်တို့စဥ်းစားမိတာက၊စစ်ထောက်လှမ်းရေးတွေကခဝဲခြံကပြည်သူတွေကိုကျောင်းသားတွေသူတို့ကျောင်းသားသေတာမကျေနပ်လို့ရပ်ကွက်ကို
မီးနဲ့ရှို့ဖို့လာနေတာလို့သတင်းလွှင့်ထားတော့၊အမှန်အတိုင်းပြောရင်၊ရပ်ကွက်ကကျောင်းသားကိုသိပ်မကြည်ဘူး။
တချို့ဆို ဓားတွေ၊ဂွတွေကိုင်ထားပြီးလမ်းကြားတွေကနေစောင့်နေကြတယ်။ကျနော်တို့စစ်တပ်နဲ့ထိပ်တိုက်တွေ့ရမှာမကြောက်ပေမဲ့ပြည်သူရဲ့
အထင်မှားမှု့နဲ့ထိပ်တိုက်ရင်ဆိုင်ရမဲ့ပြဿနာကိုရှောင်တိမ်းဖို့ကနောက်ပြန်ဆုတ်ဖို့ပဲ။
မိုးညှင်းကကျောင်းသားတယောက်ကလှမ်းဆွေးနွေးတယ်။ကျနော်တို့ လှိုင်ကောလိပ်(၂)နဲ့ရန်ကုန်တက္ကသိုလ်၊ပင်မဘက်ကိုပြန်သွားတာ
ကောင်းမယ်လို့အကြံပေးတယ်။ နေ့လည် (၂း၁၅)မှာကျနော်တို့ပြန်ဆုတ်ခဲ့ကြတယ်။

ခြေရာ ( ၅)
မတ်လ (၁၅) ရက်

နေ့လည်၊(၃)နာရီလောက်မှာ၊ကျောင်းရှေ့အုတ်ခုံစည်းရိုးပေါ်ကနေအသံချဲ့စက်တင်ပြီးစစ်တပ်ကအော်ပြောနေတယ်။
ကျောင်းဆောင်တွေပေါ်မှာပြန်တက်နေကြပို့ပေါ့၊ကျနော်တို့လည်းအဆောင်ပေါ်ကနေပြန်ဆဲကြတာပေါ့၊တချို့ပင်မအဆောက်အဦးပေါ်
က နေ ပြန်ဆဲစိန်ခေါ်ကြတယ်။ မီးလန့်သံချောင်းမြွေသံတွေဆူညံကုန်တယ်။သိတ်မကြာဘူး၊

ကျား–––ဆိုအော်ဟစ်ပြီးမြို့သိမ်းတိုက်ပွဲတခုလိုရန်ကုန်စက်မှုတက္ကသိုလ်ဝင်းတခုလုံးကိုစစ်တပ် နဲ့လုံထိမ်းတွေ၊တက်သိမ်းလိုက်ကြတယ်။
ဆရာဆောင်တွေရှေ့မှာကအစတယောက်မှထွက်လို့မရအောင်ပိတ်လိုက်ကြတယ်။ကင်န်တင်းမှာထိုင်နေတဲ့ကျောင်းသားတချို့က ပြန်ခုခံဖို့လုပ်ကြတယ်။ကျောင်းသားနှစ်ယောက်ကိုထိုးရိုက်တွန်းပြီးချုပ်ဖမ်းလိုက်ကြတယ်။ကျနော်တို့ကျောင်းသားအားလုံးကိုကျောင်းရှေ့က မြက်ခင်းပြင်နားမှာထိုင်ခိုင်းပြီး၊သူတို့လိုချင်တဲ့သူတွေကို တယောက်ပြီးတယောက်ဆွဲထုတ်လိုက်တယ်။
အုပ်စုသုံးလေးစုလောက်ခွဲထုတ်ပစ်လိုက်တယ်။အဲဒီတုံးကပြည့်သူ့လွှတ်တော်အစည်းအဝေးရှိနေတော့ဒီကောင်တွေ ကျနော်တို့ကို အပြတ်ရှင်းချင်ပုံရတယ်။ပြည်ထဲရေးဝန်ကြီးဦးမင်းခေါင်နဲ့ပညာရေးဝန်ကြီး ဒေါက်တာမောင်ဒီ ရောက်လာတော့ တင်ထွန်းအောင် (ခတု) ကဝုန်းကနဲထရပ်ပြီး၊

“ခင်ဗျားတို့စောက်သုံးမကျလို့ ခုမဖြစ်သင့်တာတွေဖြစ်ကုန်ပြီ။ ဘယ်လိုရှင်းမလဲလို့”

ခပ်တင်းတင်းမေးလိုက်တယ်။ ချက်ချင်းပဲ ထောက်လှမ်းရေးတွေရောက်လာပြီး သူ့ကို အချုပ်ကားပေါ်ဆွဲတင်လိုက်တယ်။ တင်ထွန်းအောင် ရဲ့ အဖေကမိတ္ထီလာလေတပ်ကဗိုလ်မှူးလို့ပြောကြတယ်။ကိုစိုးမြင့်အောင် နဲ့ ကိုဝင်းမြင့် တို့အုပ်စုနားကို ပုံတွေကိုင်ပြီး စစ်တပ်ကအရာရှိတွေရောက်လာတော့ကျောင်းသားတယောက်ကပြန်ရိုက်ပစ်ကွာလို့ အော်ပြောလိုက်တယ်။
အမှန်အတိုင်းပြောရင်ကြောက်စိတ်ကလုံးဝမရှိဘူး၊အစော်ကားခံရမှု့မတရားသဖြင့်လုပ်ခံရမှု့ကြောင့်အသားက တဆတ်ဆတ်တုန်နေတယ်။
ဦးခင်အောင်ကြည် က ဆေးပုလင်းလေး ကိုရှူပြီး ခပ်ရဲ့ရဲ့ရပ်နေတာကို ဆရာ နှစ်ယောက် က တွဲ ခေါ်လာတယ်။
“ မင်းတို့ဆရာ ကို မသနားကြတော့ဘူးလား” လို့ ဒေါက်တာမောင် ဒီက မေးတော့

“ ဘာလို့သနားရမှာလည်း၊ သူ က အလွန်ဆုံးဖြစ်ရင် ရာထူးပဲပြုတ် မှာ၊ ကျနော်တို့ကျောင်းသားတွေ က ဘဝပျက်တဲ့သူ၊ သေတဲ့သူနဲ့၊ အမှန်တရားကို မရင်ဆိုင်ရဲ တဲ့ ကျောင်းသားဘက် က မရှိတဲ့ ဆရာတွေ ကိုလေးစားစရာ မရှိဘူး”

လို့ကျောင်းသားတွေကတုန့်ပြန်ပြောလိုက်တယ်။ဘယ်သူမှငြိမ်ခံနေတယ်မရှိဘူး၊သူတို့တခွန်းပြောရင်ကျနော်တို့က ငါးခွန်းလောက် ပြန်ပြောကြတယ်။ကျနော်၊ကိုကျော်နိုင်မင်း၊ကိုတင်လတ်၊တင်ထွန်းအောင်၊ စိုးဝင်းနိုင်(သရက်)၊မောင်မောင်မြင့်(လားရှိုး)၊ကျော်ဆန်းဝင်း(မုံရွေး)၊ ဝင်းမြင့်(မန္တလေး)၊အုပ်စု၊ရန်ကုန်တက္ကသိုလ်ကကျောင်းသားသုံးယောက်အပါအဝင်ကျောင်းသား(၁၅)ယောက်ကို ပထမဦးစားပေး ကားပေါ်မှာ ဖမ်းခေါ်သွားခဲ့တယ်။
မြတ်စိုးဝင်း (တောင်တွင်းကြီး)အပါအဝင်သမိုင်းဝင်းထဲ ကကျောင်းသားတွေကို ကားတစီးသတ်သတ်၊ခေါ်သွားခဲ့ကြတယ်။

ခြေရာ (၆) အင်းစိန်ထောင်

သိမ်ကြီးဈေးမှာ ခတ်လေ့ခါးစတပ်ခါစ၊လူတွေကအဲဒီခတ်လေ့ခါးကိုစတင်မီးရှို့ပစ်လိုက်ပြီး၊မြို့ထဲကလူထုလှုပ်ရှားမှု့ကိုစတင်လိုက်ကြတယ်။
မ–ဆ–လအာဏာရှင်တွေကအရှုးမီးဝိုင်းဖြစ်နေပြီး၊ချေမှုန်းဖို့ကြိုးစားတယ်။

စိတ်ထဲမှာတော်တော်လေးမကောင်းတဲ့ဖြစ်ရပ်တခုရှိတယ်ဗျ

၊မြို့ထဲကအစ္စလန်ဘာသာဝင်တွေလေ၊သူတို့ဘာသာ ဘာသာရေးဝတ်ပြုပြီးဗလီပေါ်ကဆင်းလာတာကိုရိုက်ပြီးအချုပ်ကားပေါ်တင်လိုက်တယ်။
ကျနော်တို့ကအဲ ဒီတုံးကအင်းစိန်သီးသန့်ဆောင်မှာပေါ့၊အရင်လိုလူတွေကိုသီးသန့်ဖမ်းထားဖို့အခန်းကမလုံလောက်တော့ဘူး၊ ကျနော်တို့အခန်းထဲလည်းလူတွေပြည့်လျှံလာတယ်။သူတို့စရောက်လာခါစက၊အကျီ်တွေကိုချွတ်ပြီးရေညှစ်နေတာမြင်တော့ကျနော်က

”ခင်ဗျားတို့ကိုရေပိုက်နဲ့ထိုးခွဲပြီးဖမ်းတာလားလို့မေးကြည့်မိတယ်၊”

“ဘယ်ကလာဟုတ်ရမှာလဲအချုပ်ကာအတွင်းမှာအရမ်းကျပ်တော့အသက်ရှူလို့မဝဘူး၊ဒါ–ချွေးတွေဗျ”လို့

သူတို့ကပြန်ပြောတယ်။ကိုတိုက်မောင်း၊မင်းဇေယျ၊လှမျိုးနောင်၊ဇော်မင်း၊တို့ထောင်ထဲရောက်လာကြပြီးတဲ့နောက်––––

မကြာဘူးသေနတ်သံတွေကြားရတယ်။အင်းစိန်ထောင်ကိုဂျီတီအိုင်ကကျောင်းသားတွေနဲ့ဒေါ ထွက်နေတဲ့လူအုပ်က လာဝိုင်းတော့အာဏာပိုင်တွေကပစ်ခပ်နှိမ်နင်းဖို့ကြိုးစားတာပေါ့ဗျာ၊
လ ကအရမ်းသာနေတာဗျ၊သစ်ရွက်ခြောက်တွေရွှေ့နေတာကကြောစိမ့်ဖို့ကောင်းတယ်။
လူသေတွေ၊မသေမရှင်တွေအန်ကျလာတာကိုကျနော်မြင်နေရတယ်။ဘဝတလျှောက်လုံးအဲ ဒီမြင်ကွင်းကြီးကခြောက်လှန့်နေတယ်ဗျာ၊ ကျနော့နယ်ကအိမ်ပြန်ရောက်သည်အထိလသာတဲ့ညဆိုအိမ်ရှေ့ကွင်းပြင်ကိုမကြည့်ရဲဘူး။

ဘယ်အချိန်အလောင်းတွေလာကောက်ကြမလဲ–––လို့

နိဂုံး

ပင်လယ်ဆိုတာတခါတလေလုံခြုံမှုမရှိပါဘူး၊
ကမ်းခြေတခုလုံးမှောင်သွားတဲ့အခါမျိုးကျရင်ကြောက်စိတ်ကိုဖယ်ပြီးအသံတိတ်ရောက်လာမဲ့အန္တရာယ်ကိုစိတ်ထဲမှာအကြိမ်ကြိမ်များယူကြည့်မိတယ်။
လေရိုင်းတွေကကျနော်တို့ကိုသန်မာစေခဲ့တယ်၊သမိုင်းရဲ့အပြောင်းအလဲကိုလှုပ်ခါပြောင်းလဲစေမဲ့ကျောင်းသားတိုက်ပွဲမတ်လရဲ့နေပြင်းပြင်းထဲ
ကခုန်နေတယ်။အမှောင်ထဲမှာကျနော်တို့ရန်ကုန်စက်မှုတက္ကသိုလ်ရဲ့ပင်မအဆောက်အဦးလှေခါးထစ်လေးပေါ်ခဏခဏ ပြန်ပြီးထိုင်နေမိတယ်။

တရုတ်စကားပန်းကြွေကောက်မဲ့ကောင်မလေးမရှိ—

"ခင်ဗျား နင်းလိုက်တဲ့ မြေမှုန့်လေးတွေက အစကျနော်နှစ်သက်တယ်" လို့ပြောမဲ့ကဗျာဆန်ဆန်ကောင်လေးတွေမရှိ
ကျနော့်လွယ်အိတ်ထဲကိုအထိတ်တလန့်နှိုက်ယူကြည့်မိတော့–

ပိုးစားနေတဲ့စွယ်တော်ရွက်ခြောက်တခုရယ်–––

လက်ဝဲစာလုံးနဲ့ရေးထားတဲ့မတ်လ (၁၃ )ရက်ဆိုတဲ့စာရွက်လေးတခုရယ်–––––

အော်—

ဒီညလမသာတာကောင်းတယ်ထင်ပါရဲ့––––

အောင်မိုးဝင်း

မှတ်ချက်။ ။ ၁၉၈၈ မတ်လရန်ပွဲကို စဖြစ်ခဲ့တဲ့ ကျော်ဆန်းဝင်း(မြို့ပြ) ၊ ၁၉၉၆ ကျောင်းသားလှုပ်ရှားမှုကြောင့် ထပ်ပြီးအဖမ်းခံ ခဲ့ ရပါတယ်။

တချို့က ၁၉၉၁ နိုဘယ်ငြိမ်းချမ်းရေးလှုပ်ရှားမှုမှာ ထောင် နှစ်ရှည်ထောင်တွေ–ထပ်ကျခဲ့တယ်။ (ထွန်းမြင့်ထွေး၊ ခင်မောင်ရွှေ အပါအဝင်ပေါ့)
ကိုစိုးမြင့်အောင်ကတော့၁၉၉၆မှာထပ်အဖမ်းခံခဲ့ရပြီးမကြာခင်နှစ်တချို့မှာပြန်လွတ်လာတယ်။မန္တလေးမှာပဲပြန်နေနေတယ်လို့ကြားရတယ်။
ကိုကျော်နိုင်မင်းတို့အုပ်စုတွေစင်္ကာပူမှာရောက်နေတယ်။လူငယ်ဘဝတွေကိုခါးကဖြတ်ရိုက်ခံလိုက်ရသလိုမျိုးဆိုတော့တချို့အဆင်မပြေကြဘူး၊
ဘဝခါးခါးတွေအပြင်မှာကြုံနေတယ်။ သတင်းတွေ ဖလှယ်ကြပါအုံး၊ အဆင်ပြေနေတဲ့သူတွေ၊ အဆင်မပြေတဲ့သူတွေကို ပြန်ထူထောင်ပေးစေချင်တယ်။
တိုက်ပွဲထဲမှာချစ်ခဲ့ရတဲ့သူတွေ၊ ကျနော်တို့ လွမ်းနေဆဲ၊ အောက်မေ့ဆဲပါပဲ။

ရန်ကုန်စက်မှုတက္ကသိုလ်ကျောင်းသားများ
( အမေရိကန်ပြည်ထောင်စု၊ စင်္ကာပူ ၊ ဩစတြေးလျ)


